“အသံ”

# ၂၀၁၆ခုနှစ် တရုတ်ပြည်ပဆက်ဆံရေး၏ “ထိုးဖောက်ခြင်း” နှင့် “ထူထောင်ခြင်း”

၂၀၁၆ခုနှစ် စာမျက်နှာသည် နောက်ဆုံးတစ်မျက်နှာသို့ လှန်ရောက်လာလေပြီ။ ရှုပ်ထွေးပြင်းထန်သော ကမ္ဘာ့ဖွဲ့စည်းပုံကို မျက်နှာပြုရာတွင် တရုတ်နိုင်ငံသည် မဟာဗျူဟာစီမံကိန်း၏တည်ငြိမ်အားနှင့် ကြီးမားသောရည်မှန်းချက်ကိုပြသခဲ့သည်။ တရုတ်နိုင်ငံ၏ ပြည်ပဆက်ဆံရေးသည် စွမ်းအားပြည့်ဝပြီး “ထိုးဖောက်ခြင်း” နှင့် “ထူထောင်ခြင်း”ဖြင့် အခက်အခဲများကို ကျော်လွှားကာ အခန်းကဏ္ဍသစ်ကို ဖွင့်လှစ်ခဲ့ပါသည်။

“ထိုးဖောက်ခြင်း” ဟူသည်မှာ တောင်တရုတ်ပင်လယ် သမာဓိခုံရုံး စီရင်ဆုံးဖြတ်မှုကို ဆိုလိုသည်။ ဖိလစ်ပိုင်ယခင်အစိုးရဘက်မှ တစ်ဖက်သတ် တင်ပြတည်ထောင်ခဲ့သော တောင်တရုတ်ပင်လယ်သမာဓိခုံရုံးစီရင်ဆုံးဖြတ်မှုကို ဆိုလိုသော ဆုံးဖြတ်ချက်အား အကျိုးသက်ရောက်မှုမဲ့သော စာရွက်တစ်ရွက် ဖြစ်သွားစေခြင်းဖြစ်သည်။ ဇူလိုင်လ(၁၂)ရက်နေ့တွင် တောင်တရုတ်ပင်လယ် သမာဓိခုံရုံးစီရင်ဆုံးဖြတ်မှုကို ဆုံးဖြတ်ပြဋ္ဌာန်းခဲ့သည်။ ၎င်းအပေါ် တရုတ်နိုင်ငံမှ ခိုင်မြဲပြတ်သားစွာ ပြန်လည်တုံ့ပြန်ခဲ့ရာ ယာယီစီရင်ဆုံးဖြတ် တရားရုံး၏ အခွင့်အာဏာ ကျော်လွန်မှု၊ ချဲ့ကားမှု၊ အထူးသဖြင့် အခွင့်အာဏာ အလွဲသုံးစားမှုတို့ကို ထိရောက်စွာ ဖော်ထုတ်ခဲ့သည်။ ကြံစည်မှု နှင့်လိမ်လည်မှုများကို ထင်ရှားအောင် ဖော်ထုတ်နိုင်ခဲ့ရာ တောင်တရုတ်ပင်လယ် ပြဿနာကို သက်ဆိုင်ရာနိုင်ငံများ တိုက်ရိုက်ညှိနှိုင်းဖြေရှင်းသော မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိနိုင်စေခဲ့သည်။ နိုင်ငံတော်အချုပ်အချာအာဏာ၊ အမျိုးသား ဂုဏ်သိက္ခာ၊ ဒေသတည်ငြိမ်ရေးတို့ကို ခိုင်မာထိရောက်စွာ ထိန်းသိမ်းကာကွယ်နိုင်ခဲ့သည်။

စီရင်ဆုံးဖြတ်ချက် ပြဋ္ဌာန်းပြီး မကြာမီ ဇူလိုင်လ(၂၅)ရက်နေ့တွင် တရုတ်နိုင်ငံနှင့် အာဆီယံနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများသည် “တောင်တရုတ်ပင်လယ် အဖက်ဖက်မှလုပ်ဆောင်မှု ကြော်ငြာစာတမ်း”ကို ထိရောက်စွာ ဘက်စုံလုပ်ဆောင်ရန် ပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ဤကြေညာချက်အရ တောင်တရုတ်ပင်လယ်၏ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကာကွယ်ခြင်းသည် တရုတ်၊ အာဆီယံနိုင်ငံနှင့် နိုင်ငံတကာအကြားလူမှုရေး၏အခြေခံအကျိုးအမြတ်နှင့် ကိုက်ညီသည်ဟု တရုတ်နှင့်အာဆီယံက သိရှိနားလည်ခဲ့သည်။ ၂၀၀၂ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော “တောင်တရုတ်ပင်လယ်အဖက်ဖက်မှ လုပ်ဆောင်မှုကြော်ငြာစာတမ်း”က သမိုင်းမှတ်တိုင် ဖြစ်ကာ အဓိပ္ပါယ်ရှိကြောင်းကို ထပ်မံလေးနက်စွာကြေညာခဲ့သည်။

“ထူထောင်ခြင်း” ဟူသည်မှာ နိုင်ငံ(၂၀) အုပ်စု ၂၀ ခေါင်းဆောင်များ ဟန်ကြူးထိပ်သီးအစည်းအဝေးပေါ်က တရုတ်ပုံရိပ်ကိုဆိုလိုသည်။ တရုတ်နိုင်ငံသည် G20ဟန်ကြူးထိပ်သီးအစည်းအဝေးကို အောင်မြင်စွာကျင်းပခဲ့ရာ တစ်ကမ္ဘာလုံးစီးပွားရေးအတွက် စံချိန်မှတ်တိုင်သစ်ကို ထူထောင်ပေးခဲ့သည်။

၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ၂၀၁၆ခုနှစ်နိုင်ငံ(၂၀) G20အုပ်စုအလှည့်ကျဥက္ကဋ္ဌနိုင်ငံအနေနှင့် တရုတ်နိုင်ငံက လက်ခံလိုက်သည့်အချိန်မှစပြီး ပင်မခေါင်းစဉ်၊ ဆွေးနွေးရန်ခေါင်းစဉ်၊ အစီအစဉ် သတ်မှတ်ခြင်းနှင့် ဆန်းသစ်တီထွင်ကျင်းပသည့်ပုံစံသည့် အပိုင်းများတွင် ထူးချွန်သော ဦးဆောင်မှုအားကို ပြသခဲ့သည်။ G20 ဟန်ကြူးထိပ်သီးအစည်းအဝေး၏ ရလဒ်အဆက်တွဲများမှာ “ထူထောင်ခြင်း” ဖြစ်သည်--တရုတ်အတွေးအခေါ်၊ တရုတ်အဆိုပြုချက်ကို တည်ထောင်ခဲ့သည်။ ဤထိပ်သီးအစည်းအဝေးသည် “ဆန်းသစ်ခြင်း၊ ခွန်အား၊ ပူးတွဲမှု၊ အားလုံးပါဝင်ခြင်းဟူသောကမ္ဘာ့စီးပွားရေး”ဖြင့် အဓိကအကြောင်းအရာပြုကာ ကမ္ဘာ့စီးပွားရေးကို ပြုပြင်ပြောင်းလဲရန် နှင့်ဖြည့်စွက်ရန်အတွက် အကြံပေးချက်များကို လုပ်ဆောင်နိုင်ခဲ့သည်။ ရလဒ်(၂၉)ချက်ရရှိခဲ့ခြင်းဖြင့် ထိပ်သီး အစည်းအဝေးများအတွင်း အများဆုံးဖြစ်ခဲ့ရာ နိုင်ငံ(၂၀) အုပ်စု G20 ခေါင်းဆောင်ထိပ်သီးအစည်းအဝေးအတွက် သမိုင်းမှတ်တိုင်တစ်ခုကို တည်ထောင်ခဲ့သည်။ ယခုအကြိမ်ထိပ်သီးအစည်းအဝေးသည် ဖွံ့ဖြိုးတိုးတက်မှုပြဿနာကို ပထမဆုံးအကြိမ်ကမ္ဘာ့ပေါ်လစီဖွဲ့စည်းပုံ၏ထင်ရှားသောနေရာတွင် တင်ထားခဲ့သည်။ ကုလသမဂ္ဂ ၂၀၃၀ ခုနှစ် ဆက်လက်ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်လုပ်ဆောင်ချက်စီမံကိန်းကို ပထမအကြိမ်ဆုံးဖြတ်ခဲ့သည်။ အာဖရိကတိုက်နှင့် မဖွံ့ဖြိုးသောနိုင်ငံများစက်မှုပုံစံပြောင်းလဲရန် ပထမဦးဆုံးအကြိမ်အုပ်စုလိုက်အားပေးခဲ့သည်။ ဤ “ပထမဦးဆုံးစီမံကိန်း” သုံးခုသည် အားလုံး ပါဝင်ချိတ်ဆက်သော ပုံစံသစ်ကို ပြသခဲ့သည်။

တရုတ်နိုင်ငံပြည်ပဆက်ဆံရေးသည် တက်ကြွစွာရှေ့တိုးပြီး ပိုမိုတက်ကြွစွာ လုပ်ဆောင်လာနေသည်။ ယင်းသည် တရုတ်မှခေတ်သစ်ကို လိုက်လျောသော လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ တရုတ်မှ နိုင်ငံကြီးတာဝန်ကိုထမ်းဆောင်နေသော ဖော်ပြချက်ဖြစ်သည်။ တရုတ်နိုင်ငံသည် ရှုပ်ထွေးမှုအတွင်းမှတည်ငြိမ်ချက်၊ပြောင်းလဲမှုထဲမှ စွမ်းအားသစ်အဖြစ် ဖြစ်ပေါ်နေပါသည်။

ယွမ်ကျုံကျဲ (စာရေးဆရာသည် တရုတ်နိုင်ငံ နိုင်ငံတကာပြဿနာ သုတေသနစခန်းအမြဲတမ်း ဒုတိယဌာနမှူး၊ သုတေသနပညာရှင်ဖြစ်သည်။ “ပြည်သူ့နေ့စဉ်သတင်းပြည်ပကော်လံ”)

# ယူနန်သည် နယ်စပ်တစ်လျှောက်ဖွင့်လှစ်စီးပွားဇုန် ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကိုထုတ်ပြန်နိုင်ခဲ့

## “တစ်ဗဟိုသုံးလိုင်းသုံးဝိုင်း”ဖွင့်လှစ်ဖွဲ့စည်းပုံသစ်ကို တည်ထောင်

(သတင်းစဉ်)ယခုရက်ပိုင်းတွင် ယူနန်ပြည်နယ် ပြည်သူ့အစိုးရသည် “ယူနန်ပြည်နယ်နယ်စပ် တစ်လျှောက်ဖွင့်လှစ်စီးပွားဇုန်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (၂၀၁၆-၂၀၂၀ခုနှစ်)” (အောက်တွင်‘စီမံကိန်း’ဟု တိုချုံးခေါ်ဝေါ်သည်)ကို ထုတ်ပြန်ခဲ့သည်။ “စီမံကိန်း”မှာ အနာဂတ်(၅)နှစ်တွင် တျမ်း(ယူနန်) အလယ်မြို့အုပ်စုဖြင့် ဗဟိုပြုသော၊ ကူ(မင်း)ပေါင်(ရှမ်း) မန်(စီ)ရွှေ(လီ)၊ ကူ(မင်း)မော် (ဟန်း)၊ ကူ(မင်း)ဟော်(ခေါ်) လမ်းကြောင်းကြီး(၃)ကြောင်း ဖြင့် အဓိကလိုင်းပြုသော၊ တျမ်းမြန်မာ(ယူနန်-မြန်မာ)၊ တျမ်းလာအို(ယူနန်-လာအို)၊ တျမ်းဗီယက်နမ် (ယူနန်-ဗီယက်နမ်) နိုင်ငံတကာ စီးပွားပူးပေါင်းဆောင်ရွက်မှုစက်ဝိုင်း(၃)ခုဖြင့် ထောက်ပံ့သော “တစ်ဗဟိုသုံးလိုင်းသုံးဝိုင်း” နယ်စပ်တစ်လျှောက်ဒေသ ဖွံ့ဖြိုးတိုးတက်မှုဖွင့်လှစ်သောဖွဲ့စည်းပုံသစ်ကို တည်ထောင်သွားမည်ဖြစ်သည်။

“စီမံကိန်း”တွင် တင်ပြသော နယ်စပ်တစ်လျှောက် ဖွင့်လှစ်စီးပွားဇုန် (အောက်တွင်စီးပွားဇုန်ဟု တိုချုံးခေါ်ဝေါ်သည်)တွင် နုမြစ်၊ ပေါင်ရှမ်း၊ တယ်ဟုန်၊ လင်ချန်း၊ ဖူးအလ်၊ စစ်ဆောင်ပန်းနား၊ ဟုန်ဟော်၊ ဝိမ်ရှန်း စသည့် နယ်စပ်ပြည်နယ်ခွဲ၊ မြို့(၈)ခု၏နယ်စပ်ခရိုင်၊ မြို့(၂၅)ခုပါဝင်သည်။ စီးပွားဇုန်မျက်နှာပြင် ဧရိယာသည် (၉. ၂၅) သောင်းစတုရန်းကီလိုမီတာရှိပြီး လူဦးရေ(၆၉)သိန်းကျော် ရှိသည်။ စီမံကိန်းအတွင်းတွင် မြန်မာ၊ လာအို၊ ဗီယက်နမ်နှင့်ချိတ်ဆက်ပြီး နိုင်ငံပထမအဆင့်နယ်စပ်ဂိတ် (၁၈)ခု၊ ဒုတိယအဆင့် နယ်စပ်ဂိတ်(၇)ခု ပါဝင်ပြီး ယူနန်ပြည်နယ်သာမကဘဲ တရုတ်နိုင်ငံမှ တောင်အာရှ အရှေ့တောင်အာရှသို့ မျက်နှာပြုဖွင့်လှစ်သော ရှေ့တန်းပြတင်းပေါက်ကဲ့သို့ဖြစ်သည်။

“စီမကိန်း”သည် အတွင်းအပြင် ချိတ်ဆက်ပေးသော အထွေထွေလမ်းပန်းသွားလာရေး ကွန်ယက်ကို အရေးပါဖွဲ့စည်းထားသည်။ ၂၀၂၀ ခုနှစ်ထိတိုင် နယ်စပ်ကုန်းလမ်းများအခြေခံချိတ်ဆက်သွားလာမည်ဖြစ်ပြီးနယ်စပ်တစ်လျှောက် သံလမ်းဆောက်လုပ်ရေး အရှိန်မြှင့်တွန်းလုပ်၊ ယွီရှီး-မော်ဟန်း၊ တာလီ-ရွှေလီ ရထားသံလမ်း အခြေခံဆောက်လုပ်ပြီး၊ လင်ချန်း-ချင်းရွှေဟော်၊ တာလီ-ရွှေလီ သံလမ်းနှင့် ထိန်ချုံးသံလမ်းချိတ်ဆက်ဆောက်လုပ်ရေး စတင်လုပ်ဆောင်ကာ နိုင်ငံတကာ သယ်ပို့လမ်းကြောင်းကြီး အခြေခံအားဖြင့် တည်ထောင်လာမည်ဖြစ်သည်။ ၂၀၃၀ခုနှစ်ထိနိုင်ငံတကာ သယ်ပို့လမ်းကြောင်းဘက်စုံတည်ထောင်မည်ဖြစ်ပြီး ဖွင့်လှစ်ပုံစံစီးပွားရေးအဆင့် ပိုမိုမြှင့် တင်ကာနယ်စပ်မြို့(ရွာ) ဖွင့်လှစ်ဖွံ့ဖြိုးတိုးတက်ခြင်း ခွန်အားပိုမိုပြည့်ဝလာပြီး နယ်စပ်နိုင်ငံဒေသများဖွံ့ဖြိုးတိုးတက်မှုအဆင့် သိသာစွာမြှင့်တင်ကာ အတွင်းအပြင် ချိတ်ဆက်၊ အယ်လီမန့်စုစောင်း၊ ထူးခြားချက်သိသာ၊ အကျိုးတူအောင်မြင်၊ တည်ငြိမ်အေးချမ်းသော နယ်စပ်ဖွင့်လှစ်စီးပွား ဇုန်ဘက်စုံတည်ထောင်သွားမည်ဖြစ်သည်။




သတင်းထောက် ရန်ကျိဟွေ